ခေတ်သီဟ

# ပန်းအကြွေကောက်သောလက်နှင့်
# ကျိန်စာသင့်သတို့သမီး



## အပိုင်း (၁)

သူမကို ကျွန်တော်တို့ ကောင်းကောင်း သိသည် ။

သူမကို အချို့က မြင်ဖူးကြသည် ။

သူမကို အချို့က ကြောက်ကြသည် ။

သူမ အကြောင်းကို ပါးစပ် ရာဇဝင်လိုလို ဒဏ္ဍာရီလိုလို ကြားဖူးကြသည် ။

သူမသည် ယခင်ကလည်း ရှိသည် ။ ယခုလည်း ရှိပေဦးမည်။

နောင်လည်း ရှိနေဦးမည်။ တစ်နည်း ဆိုသော် ဝေမာနိက ပြိတ္တာတစ်ယောက် ...

သူမကို ကျွန်တော်တို့ ခေါ်ကြသည် ...

"သုသာန်စောင့် မဖဲဝါ ... "

"သုသာန်စောင့် မဖဲဝါ ... "

"သုသာန်စောင့် မဖဲဝါ ... "

***

မဖဲဝါအကြောင်း အတ္ထုပ္ပတ္တိ အပြည့်အစုံကတော့ နန္ဒာဒေဝီဆိုတဲ့ နာမည်နဲ့ ပါ။ လူ့ဘဝက သူ့မူလ နာမည်ဟာ နန္ဒာဒေဝီ ဖြစ်ပါတယ်။ နောက်ပိုင်း သူ့ရန်သူတွေက လိုက်လို့ ပြေးရစဉ်မှာ ဖလာဝဟဆိုတဲ့ ပါဠိ အနက်ကို စွဲလို့ မဖဲဝါလို့ အသံ ဖလှယ်ပြီး နာမည် ယူခဲ့တာ ဖြစ်ပါတယ်။ ဖလာဝဟဆိုတာ ပါဠိ စကားပါ။ မြန်မာလို အကျိုးကို ဆောင်သည် လို့ အဓိပ္ပာယ် ရပါတယ်။ ဖလာဝဟ ကနေ ဖဲဝါ ဖြစ်လာတာပေါ့။

သူ့အစ်ကိုကတော့ ဖိုးစံမှဲ့ဆိုတာ သိကြပါလိမ့်မယ်။ သူ့အစ်ကိုရဲ့ လူ့ဘဝက မူလနာမည်ဟာ မင်းရဲကျော်ခေါင်ပါ။ နောက်ပိုင်းမှ စမ္ဗဆိုတဲ့ ပါဠိ အဓိပ္ပာယ်နဲ့ သူ့ကိုယ်သူ စံမှဲ့လို့ ပြောင်းလိုက်တာ ဖြစ်ပါတယ်။ စမ္ဗဆိုတာ မြန်မာလို စစ်တိုက်ရာမှာ သုံးသောလှံ၊ ဓား၊ ကာ စသဖြင့် အဓိပ္ပာယ်ရပါတယ်။ သူ့တစ်ဦးတည်းသော ညီမလေး (နန္ဒာဒေဝီ တစ်ဖြစ်လည်း မဖဲဝါ) ကို ကာကွယ် စောင့်ရှောက်မယ် ဆိုတဲ့ သဘောပေါ့။

နောက်ပိုင်းသူ ဆုံးသွားတော့ အုတ်ဂူမှာ ခင်ဖဲဝါအဖြစ် ကမ္ပည်းထိုးခြင်း ခံလိုက် ရရှာတယ်။ ဒီတော့ တချို့က မေးကြတယ်။

"ခင်စက်မေဆိုတာ မဖဲဝါလား၊ ဒါဆို နန္ဒာဒေဝီကရော ... မဖဲဝါနဲ့ ခင်စက်မေ ဘယ်လို ပတ်သက်လဲ"

ဆိုတဲ့ အကြောင်းတွေပါ။ နောက်ထပ် မေးခွန်းတစ်ခုလည်း ရှိပါသေးတယ်။

`မဖဲဝါဆိုတာ ဘယ်ခေတ်က စပေါ်တာလဲ� တဲ့ ။

မဖဲဝါ ပေါ်ပေါက်ခဲ့တဲ့ ခေတ်ကာလနဲ့ ပတ်သက်လို့ ဝိဝါဒ ကွဲစရာ အမျိုးမျိုး ရှိနေပါတယ်။ ပါးစပ် ရာဇဝင် အဆိုအရ ပုဂံအပျက် - ပင်းယခေတ် လောက်ကလို့ ဆိုကြတယ်။

ပြောရရင်တော့ ဒီလို နတ်စိမ်းတွေရဲ့ အကြောင်းဟာ အထောက်အထား အပြည့်အစုံရှာဖို့ အတော် ခက်ပါတယ်။ ဒါက လူတွေရဲ့ ပါးစပ် ရာဇဝင်မှာ သာ တစ်ဆင့်စကား တစ်ဆင့်နားနဲ ပြန့်ပွား တတ်တာကိုး။ ဘာပဲဖြစ်ဖြစ် မဖဲဝါ ပေါ်ပေါက်လာခြင်းဟာ အနည်းဆုံး နှစ် ၃၀၀ ကျော် ဝန်းကျင် ရှိပြီလို့ ခန့်မှန်း ရပါတယ်။ ရှေ့ပိုင်းမှာ ရေးထားခဲ့တဲ့ မေးခွန်းကို ဆက်ဖြေပါ့မယ်။

`ခင်စက်မေဟာ မဖဲဝါနဲ့ ဘယ်လို ပတ်သက်သလဲ´ ဆိုတဲ့ မေးခွန်းပါ။ လက်ရှိ မဖဲဝါဟာ ခင်စက်မေ ဖြစ်ပါတယ်။ ခင်ဖဲဝါ ပေ့ါလေ ။ ဘာကြောင့်ဆိုတာ ရှင်းပြပါ့မယ်။

ဒီလောက် နှစ်တွေ ကြာမှ တော့လည်း မူလ မဖဲဝါ (နန္ဒာဒေဝီ) ဟာ လွတ်ကျွတ်ပြီပေ့ါ။ အင်မတန် အစွမ်းထက်တဲ့ နတ်ဝင်သည် တစ်ယောက်ကို ကျွန်တော် ဆုံခဲ့ဖူးပါတယ်။ မဖဲဝါနဲ့ ဆက်သွယ်နိုင်သူလို့ ဆိုကြပါတယ်။ (တကယ်တော့ နတ်ဝင်သည် ဆိုတာ Medium ပါပဲ။ သူ့အစွမ်းထက်မှု အလိုက် မြင်အပ် မမြင်အပ်တဲ့ လောကအလုံးကို ဆက်သွယ်လို့ ရတယ်လို့ သိရပါတယ်) သူ့ပြောပြချက် အရတော့ မူလ မဖဲဝါဖြစ်တဲ့ နန္ဒာဒေဝီဟာ အာကာသစိုး ဆိုလား ဖြစ်သွားပြီ ဆိုပါတယ်။ ပရလောကမှာလည်း အဆင့် တက်သွားတာမျိုး ရှိသတဲ့ ။ သူ့ကို ရည်စူးပြီး အလှူဒါန ပြုကြတာမျိုး၊ အမျှဝေတာမျိုးဆို သူတို့ လည်း Promotion တက်သွားနိုင်တယ်နဲ့ တူပါရဲ့ ။

ဒါပေမဲ့ မဖဲဝါဆိုတဲ့ နာမည် ခံယူထားသူကတော့ ရှိနေမြဲ ဖြစ်ကြောင်း သိရပါတယ်။ ဒါဟာ ဘွဲ့တစ်ခုလို ဖြစ်နေတယ်။ ဒီအတွက် ဥပမာ ပြစရာလည်း ရှိပါတယ်။ ပုဏ္ဏက တိုက်တယ်တို့ အာဠဝက စီးတယ်တို့ ခုထက်ထိ ကြားဖူး ကြဦးမှာ ပါ။ ဒါပေမဲ့ မူလပုဏ္ဏကတို့ အာဠဝကတို့

တွေ ကတော့ ဘုရားရှင်တော် လက်ထက်မှာ ကတည်းက သံသရာက လွတ်မြောက်ရာ လမ်းကို ရှေးရှု ကုန်ကြပါပြီ။ အခု ဆက်ရှိနေတာတွေ က မူလ ဘွဲ့နာမကို ခံယူ ထားသူတွေသာ ဖြစ်ပါလိမ့်မယ်။ မဖဲဝါလည်း ဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

မဖဲဝါရဲ့ အလုပ်က သုသာန်တွေကို စောင့်ကြပ်တာပါ။ သုသာန်တွေ မှာ ပဲ သူနေတယ်လို့ သိရပါတယ်။ အင်မတန် ဆိုးရွားတဲ့ အခြေအနေမျိုးမှာ မှ ရပ်ထဲရွာထဲ သူဝင်သတဲ့ ။ အဲဒီလို ရွာထဲဝင်တဲ့ အခါ ညဘက်တွေမှာ သူဝင်လေ့ရှိတယ် လို့ ဆိုပါတယ်။ အဲဒီအခါ ခွေးတွေ အရမ်းဟောင်တယ်။ သံရှည်ကြီးတွေ ဆွဲပြီး အသည်း ယားလောက် အောင် အူကြတယ်လို့ ပြောကြတယ်။

ညဘက် မဖဲဝါဝင်လို့ မို့ ခွေးတွေ အူတဲ့ အခါ အဲဒီခွေးကို မအော်ရ ဘူး၊ မငေါက်ရဘူးလို့ အဆို ရှိပါတယ်။ ဒါကလည်း တောတွေ ဘာတွေ ဝင်ရင် နာမည် မခေါ်ရဘူးဆိုတဲ့ အယူမျိုးနဲ့ ဆင်နေတာ တွေ့ရပါတယ်။ တောဝင်တဲ့ အခါ အချင်းချင်း နာမည်ခေါ်လို့ ကိုယ့်နာမည် သိသွားရင် နာနာဘဝတွေက လိုက်ခေါ် တတ်သတဲ့ ။ အဲဒီအခါ ကိုယ်က ထူးမိရင် ကိုယ်နဲ့ သူ နေရာ လဲခံရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် တောထဲမှာ ဆို နာမည်ခေါ်ရင် အေးတို့ ဟုတ်ကဲ့တို့ မထူးပဲ `ဝူး´ လို့ ထူးကြတယ်လို့ လ ည်း ကြားဖူးပါတယ်။ အခု မဖဲဝါနဲ့ ပတ်သက်ရင်လည်း ညဘက် အိမ်ရှေ့ ခွေးတွေ ဟောင်တဲ့ အခါ ငေါက်မိရင် သူ့စက်ကွင်းအောက် ရောက်သွားတယ် ထင်ပါရဲ့ ။ နံနက်ပိုင်းမှာ အခေါင်းကြီး တစ်လုံး အိမ် ရှေ့ လာချထားတာ တွေ့ရတယ်လို့ အဆိုရှိပါတယ်။

(Paranormal Event Series မှ ထုတ်နုတ်ချက် ဖြစ်ပါသည် ။ သူမနှင့် ပတ်သက်၍ ပါးစပ် ရာဇဝင်များ စွာ ရှိပြီး မှုကွဲများ လည်း ရှိနိုင်ပါသည်

။)

***

သူ့နာမည်က ထက်နေယံ။ ပရလောကသားတွေကို ကိုယ်တိုင် မြင်ဖူးချင်သူ။ စမ်းကြည့်ဖူးသည် ။ သူကပဲ ဘုန်းကံ မြင့်နေလို့ ပဲလား ... ။ သူ့ကိုခြောက်မယ့် သရဲပဲ မပေါ်သေးတာလား မသိ ... ။ အမျိုးမျိုးစမ်းကြည့်သည် ။ အပျက်ပျက်နှင့် နှာခေါင်း သွေးထွက်ခဲ့သော အဖြစ်အချို့လည်း ရှိခဲ့ဖူးသည် ။ ထက်နေယံရဲ့ အဖြစ်တစ်ခုကတော့ ...

တစ်နေ့ ထက်နေယံ တစ်ယောက် သူ့သူငယ်ချင်းဖြစ်သော ဖြိုးထက်အိမ်ရောက်သွားသည် ။

ဖြိုးထက်။ ။ "ဟာ ... ဆရာသမား ... အသက်ရှည်ဦးမယ်"

ထက်နေယံ။ ။ "ဟမ် ... အေးပါကွာ"

ဖြိုးထက်။ ။ "မင်းလာတာ အတော်ပဲ ခဏနေ အာကာ လာလိမ့်မယ် ဒီနေ့သူ့အိမ်မှာ တစ်ယောက်တည်း သူ့မားသားကြီးနဲ့ ဖားသားကြီးက ရွာသွားမှာ ... ဒီည ဒီကောင့်အိမ်မှာ ဝိုင်းထောင်မလို့ ... ဟီး ... ဟီး"

ထက်နေယံ။ ။ "ဟေ ... ဟုတ်လား...သောက်ရကံကြုံပြီ"

"ဟော့ ... ဂင်မရှိတဲ့ ကောင်ကို မတိုက်ဘူးကွ ဖြုန်းတီးရာ ရောက်တယ်"

အသံကြားရာ လှည့်ကြည့်လိုက်တော့ ... အာကာ ...

ထက်နေယံ။ ။ အေးပါကွာ ပြောပေါ့ ... ငါက မင်းတို့လို ယမကာ လုလင် မဟုတ်တော့ ...

ဖြိုးထက်။ ။ ကိုင်း...စကားများ မနေနဲ့ သွားဝယ်ကြတာပေါ့။

သို့နှင့် သုံးယောက်သား ထွက်လာခဲ့ကြသည် ။ အားလုံး ဝယ်ခြမ်းပြီးသောအခါ အာကာ့ အိမ်သို့ ချီတက် လာခဲ့တော့သည် ။ သောက်လိုက်စားလိုက် ရောက်တတ်ရာရာ ပြောရင်း သရဲအကြောင်း ရောက်သွားသည် ။ အရည်ကလေးကလည်း နည်းနည်း ဝင်ထားသည် မို့ စကားဝိုင်းကပိုကောင်းလာသည် ။

အာကာ။ ။ ထက်နေ မင်းသရဲ မြင်ဖူးချင်လား ...

ထက်နေ။ ။ ဟ ... မြင်ဖူးချင်တာပေါ့ ...

ဖြိုးထက်။ ။ ပြောပါဦး ဆရာကြီးရဲ့ သရဲဘယ်မှာ ရှာရမလဲ ...

အာကာ။ ။ ဟဲဟဲ ... ငါလည်း မသိဘူး...ဒါပေမဲ့ ... သရဲခေါ်လို့ ရတယ် ဆိုလားပဲ ...

ထက်နေ။ ။ ဘယ်လိုမျိုးလဲ...

အာကာ။ ။ လာ ... ငါနဲ့ လိုက်ခဲ့ ...

သုံးယောက်သား ... အောက်ထပ်သို့ ဆင်းလာခဲ့ကြသည် ။

***

အောက်ထပ်ရောက်တော့ ဂစ်တာ ယူကာ အပြင်သို့ ထွက်လာခဲ့ကြသည် ။

ထက်နေ။ ။ ဟော့ကောင် ဘာလဲဟ သရဲခေါ်မယ်ဆိုပြီး ဂစ်တာကြီးနဲ့ ဘာလုပ်မလို့ လဲ...

အာကာ။ ။ လာမယ်လေကွာ မလောနဲ့ လေ ...

ကွင်းပြင် တစ်ခုနား အရောက် ရပ်လိုက်ကြသည် ။

ခပ်တည်တည်နှင့် ကွင်းဘေးရှိ သစ်သားတုံး ပေါ်တွင် ထိုင်လိုက်ပြီး ဂစ်တာကြိုး ညှိနေတော့သည် ။

"တင် ... တင် ... တင်တင်တင် ... တင်...တင် ... တင်.တင့် ... တင်... တင်...တင်"

လွှမ်းမိုး၏ ဟိုအစ်ကိုကြီးရဲ့ မခင်နှင်းဆီ တေးသွားကြီး...

"လွမ်းရိပ် ဝေသော ... နွေဦးညများမှာ ... ကွင်းပိုင်ကြီးနဲ့ ... မဖဲဝါ... အတူ..."

ထက်နေ၊ ဖြိုးထက်။ ။ ဟာ ... အကောင်းမှတ်လို့ ... လာနောက်နေတယ် ...

"ဒုန်း ... ဒုန်း...ဒုန်း ... "

အသံလာရာ ကြည့်လိုက်တော့ ... ဆိုက္ကား တစ်စီးပေါ်တွင် ဆန်ဆန့်ကြီးပါလာသောအရိပ်မည်းကြီး၊ ကုန်းကုန်းကွကွနှင့် မည်းမည်းကြီးက ဆိုက်ကား နင်းလာသည် ။

"ကွင်းပိုင်ကြီး ... ဟော့ ... ကွင်းပိုင်ကြီးဟ ... ပြေးပါဟ ... .ပြေးပါကွ"

ပြောလည်း ပြော ပြေးလည်း ပြေးသွားသော အာကာနောက်သို့ ရောယောင်ကာ ဖြိုးထက်ရော ထက်နေပါ ပြေးတော့သည် ။

"ဒုန်း...ဝုန်း ... ဒုန်း ... ဂလုံး"

အနောက်မှ အသံများ ကပ်လိုက်လာသောကြောင့် ခြေကုန် သုတ်ကာ ပြေးလေပါတော့သည် ။ အိမ်ရောက်တော့ အပေါ်ထပ် ပြေးတက်ကြကာ တံခါးလော့ခ်ချပြီး သုံးကောင်သား ငြိမ်ကုပ်သွားတာ မိုးလင်းသည် အထိ ...

မနက်ရောက်တော့ အာကာ့ ဦးလေး လာနှိုးသည် ။

အောက်ထပ်မှာ ဧည့်သည် ရောက်နေသည် တဲ့ ။ သုံးယောက်သား အိပ်မှုန်စုံမွှားဖြင့် ဆင်းလာကြသည် ။

အောက်ထပ်သို့ ရောက်တော့ ... ဧည့်သည် များကို ကြည့်လိုက်သော အခါ ...

ပတ်တီး အဖွေးသားနှင့် ... ဆိုက်ကားသမား နောင်ကြီးနဲ့ သူ့ယောက်ဖ မင်းမင်းတို့ ...

အာကာ။ ။ ဘာကိစ္စရှိလို့ လဲ ... အစ်ကိုတို့ ...

နောင်ကြီး။ ။ အေး ... ညတုန်းက မင်းတို့ လုပ်သွားတဲ့ ကိစ္စ ...

အာကာ။ ။ ဟမ် ... ညတုန်းက အစ်ကိုတို့ ကို ကျွန်တော်တို့ ဘာလုပ်မိလို့ ...

မင်းမင်း။ ။ ညတုန်းက ငါတို့ ညီအစ်ကိုတွေ ဘောပွဲကြည့်ပြီး ပြန်လာတော့ ... မင်းတို့ တွေ ကွင်းပိုင်ကြီး ...

ကွင်းပိုင်ကြီးဆိုပြီး အော်ပြေးတာလေ ...

ငါတို့ လည်း လန့်လန့်နဲ့ ထွက်ပြေးတာ ဆိုက်ကားနဲ့ ငြိပြီး ချော်လဲလို့ ငါက ခေါင်းကွဲသွားတယ် ... နောင်ကြီးက ခြေထောက် အရိုးအက်သွားတယ် ဆိုက်ကားပိလို့ ...

အာကာ။ ။ အဲဒီတော့ ... ဘာလုပ်ပေးရမှာ လဲ ...

နောင်ကြီး။ ။ ဟ...ဆေးဖိုးတော့ ပေးသင့်တာပေါ့ ...

အာကာ။ ။ ဘာ ... ... ခင်ဗျားတို့ ဟာ ခင်ဗျားတို့ သူရဲဘောကြောင်ပြီး ဖြစ်တဲ့ ကိစ္စကို ကျွန်တော်တို့ နဲ့ ဘာဆိုင်လဲ

ထက်နေ။ ။ ကဲပါကွာ ... ငါပေးလိုက်မယ် နားငြီးတယ် ဘယ်လောက်လဲ

မင်းမင်း။ ။ ၁သောင်းခွဲ ...

ထက်နေ။ ။ အိုကေလေ ...

ပြောပြီး အပေါ်ထပ် ပြန်တက်သွားသည် ။ ပြန်ဆင်းလာတော့ ၅ ထောင်တန် ၃ရွက်ပါလာသည် ။

ထက်နေ။ ။ ကိုင်း...ရော့ ... ကျေနပ်ပြီလား ... ပြီးရင် သွားတော့...

ထက်နေ ပေးပြီးတာနဲ့ မောင်းထုတ်လိုက်သည် ။

ဤသို့ဖြင့် ထက်နေတစ်ယောက် သရဲမြင်ဖူးချင်သော စိတ်ဓာတ် ကျသွား ပါလေတော့သည် ။ သို့သော် အပြီးတိုင် မဟုတ်သေး ... စူးစမ်းချင်စိတ်က ရှိနေဆဲ ... တစ်နေ့တွင် ... သူ့ဆန္ဒများ ပြည့်ဝလာသည့် အဖြစ်များ ကြုံလာရသောအခါ...

***

## အပိုင်း(၂)

"သားရေ... ခဏလာဦး"

အဖေခေါ်သောကြောင့် ထက်နေ အခန်းထဲမှ ထွက်လာခဲ့သည် ။

"ဘာပြောမလို့ လဲ...ဖေဖေ"

"ရွာကို သိမ်ကျောင်း ရေစက်ချဖို့ နဲ့ စုပေါင်း ရဟန်းခံ ရှင်ပြု လုပ်ဖို့ သွားစရာရှိတယ်။ မင်းလိုက်မယ်ဆိုရင် ငြိမ်ငြိမ်နေဖို့ လိုမယ်။ မင်းက နည်းနည်း စိတ်မချရဘူး။ ပြောတာနားလည်လား"

"ဟုတ်...ဖေဖေ..."

"အေး...ရပြီ...မင်းသွားတော့..."

ထက်နေ ထွက်လာခဲ့လိုက်သည် ။ စိတ်ထဲတော့ ဘဝင်မကျလှ...။ ဖေဖေဘာကို ပြောချင်တာလဲ...

"ဟော...သားနိုး လာပြီလား...ဘာစားမလဲသား..."

မီးဖိုချောင်ထဲသို့ ဝင်လာတော့ မေမေက မေးလိုက်သည် ။

"စားချင်သေးဘူး...မေမေ သားမေးစရာရှိလို့ ..."

"မေးလေ...သား...ဘာသိချင်လို့ လဲ..."

"ဖေဖေက ရွာသွားမယ်ဆို..."

"အင်း...ဟုတ်တယ်လေ...ဘာလို့လဲ"

"သားကို လိုက်မယ်ဆို ငြိမ်ငြိမ်နေတဲ့ ...စိတ်မချရဘူးတဲ့ ...ဘာပြောချင်တာလဲ...."

"သြော်... သားအကြောင်းသိလို့ ဖြစ်မပေါ့..."

"သားက ဘာလုပ်မှာ မို့လဲ...."

"အင်း...မေးလာတော့လည်း ဖြေရမပေါ့...နားထောင်...သား"

"ဟုတ်...မေမေ"

"သားဖေဖေ ရွာမှာ ပရလောကနဲ့ ပတ်သတ်ပြီး ယုံကြည်မှုတွေရှိတယ်... များ သောအားဖြင့် မဖဲဝါပေါ့...သူနဲ့ ပတ်သတ်ပြီး အတော် ကြောက်ကြတယ်... သားက အဲဒါမျိုးတွေ စိတ်ဝင်စားတော့ လုပ်မိမှာ စိုးလို့ တားတာနေမပေါ့..."

"သြော်...ဘာများ လဲလို့ စိတ်ချပါမေမေရဲ့ ... ဟီး... မလုပ်ပါဘူး အဲဘွားတော် မဖဲဝါနဲ့ ပတ်သတ်ပြီး စိတ်နာသွားပါပြီ"

"အေး...ပြီးတာပဲ...ကိုင်း...ကိုယ်တော်ချော...ဘာစားမလဲပြော..."

"ထမင်း ဆီဆမ်းနဲ့ ကြက်ဥ မကျက်တကျက်ကြော်...သြော်...ဒါနဲ့ မေမေ..."

"ဘာတုန်းပြောလေ..."

"ဟို၂ကောင်နဲ့ သားရဲ့ ဆရာဒေါက်တာသီဟကို ခေါ်ချင်တယ်ရမလား... "

"အင်း... သားဖေဖေကို ပြောကြည့်လေ...သူခွင့်ပြုရင်ခေါ်ပေါ့"

"ဟာ...မေမေပြောပေး...သားပြောရင် ဟိုမေးဒီမေးနဲ့ "

"မေးလည်း မေးမေးပေ့ါအေ... "

"မရဘူး...မေမေပြောပေး..."

"ကိုင်း... ကိုယ်တော်ချော...ပြောပေးမယ်ရပြီမလား..."

"ယေး... ဒါမှ မေမေကွ"

***

"ဟော့ကောင်တွေ မြန်မြန် လုပ်ပါဟ...ယောက်ျားလေးတွေဖြစ်ပြီး နှေးလိုက်တာ"

ထက်နေယံ သွက်လက်နေသလောက် အာကာနှင့် ဖြိုးထက်တို့ က လေးဖင့်နေသည် ။

"မင်းက ပိန်တော့ ပြောအားရှိတာပေ့ါ ...ငါတို့ က ဝတော့ ကိုယ့်ခန္ဓာကိုယ် မနည်းသယ်နေရတယ်ဟ"

အာကာ ဆင်ခြေပေးလိုက်သည် ။

"Beerဖော ဖောနေရင် ဖောနေတယ်ပေ့ါကွာ... ဘာ ဝ လာတာလဲ လူပါးလား"

ဖြိုးထက်က ခပ်တည်တည်နှင့် ဝင်ဖောက်သည် ။

"ခွေးသား....မင်းကျတော့ မသောက်လို့ လား... "

အာကာ ကျိန်ဆဲ ပါတော့သည် ။

"ဒါနဲ့ ဆရာရော မလာသေးဘူးလားဟ..."

ဖြိုးထက်မေးလိုက်သည် ။

ထက်နေ။ ။ ဆရာက သူ့ကိစ္စတွေပြီးရင် လိုက်လာခဲ့မယ်တဲ့ . ..

အာကာ။ ။ ဩော်...အေးပါကွာ...

ဖြိုးထက်။ ။ အေးပါကွာ ပြီးဘာဆက်ပြောချင်တာလဲ......

အာကာ။ ။ ဘာမှ မပြောဘူး ငါ့ဆို ပြောမယ်ဆိုတာချည်း...

ထက်နေ။ ။ စကားများ တယ် သွားမယ် တက်...ကားပေါ်ကို...

သို့နှင့်... သားအမိသူငယ်ချင်း တစ်စုတို့ ခရီးစခဲ့ပါတော့သည် ။

***

ဒေါက်တာသီဟ ဆိုသူကလည်း ရာဇဝင်လေးနှင့် လူတစ်ယောက်...

မွေးရာပါ ရှေးဘဝကုသိုလ် ပါရမီကြောင့် အာစက်လျှာစက်ပါလာခဲ့သူ... သူကအဲဒါကိုမသိခဲ့..

သူကဆရာဝန်ဆိုပေမဲ့ သရဲကို စိတ်ဝင်စားလွန်းလှ၍ အလောင်းကိုင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသည့် မှူခင်း ဆရာဝန်တစ်ယောက်...

သူ့မှာ လည်း ထက်နေလို အဖြစ်မျိုး ကြုံခဲ့ဖူးသည် ။ သူကြုံခဲ့တာကတော့ တကယ့်ဖြစ်ရပ် ကံကောင်း၍ ခေါင်းမပြုတ်လေခြင်း...သူ့အဖြစ်ကတော့...

***

ဆရာဝန်ပေါက်စ မောင်သီဟ ၁၀တန်းကလေးတွေကို Guide ပြနေသည် ။

"ကိုင်း...ဆရာပြောတာ နားလည်လား ရှင်းပြီလား..."

"ဆရာ...မေးစရာ ရှိလို့ ..."

"အင်း...ဘာနားမလည်လို့ လဲ မေးလေ"

"အဟီး...စာမေးမလို့ မဟုတ်ဘူး "

"ဒါဆို...ဘာမေးမလို့ ..."

"ဟိုဒင်း...ဟိုဟာ...အဲဒါကလေ"

" ပြောစရာရှိတာ ပြောပါဟ"

"အဟမ်း... ဟိုလေ...သရဲဆိုတာ တကယ်ရှိလားဟင်..."

"ဟ...ရှိတာပေါ့...မြတ်စွာဘုရားဟောတဲ့ ပေတ္တဝတ္ထုတောင် ရှိသေးတာပဲ"

"အဲ့ဒါလေ...မြင်ဖူးချင်လို့ ..."

"ဟေ...ဟော့ကောင်...ငါတောင် မမြင်ဖူးဘူးဟ..."

"ခေါ်လို့ ရတယ် ပြောတာပဲ..."

"ဟမ်...ဘယ်လိုမျိုးလဲ "

"ဩော်…သရဲတွေဆိုတာ ကိုယ့်အနီးအနားမှာ ရှိကြတယ်တဲ့ သူတို့က ပြိတ္တာအနွယ်ဝင်တွေလေ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရာကာယ်ထဲက ပြိတ္တာ စာရင်းထဲမှာ ပါတယ်"

"အဲဒီတော့…မြင်ဖူးချင်တယ်ပေါ့"

"ဟုတ်…"

"ကျန်တဲ့ သူတွေရော…မေးကြည့်ပါဦး"

"ဟေ့ကောင်တွေ…ဘယ်လိုသဘောရလဲ"

"ဟာ…စမ်းချင် နင့်ဟာနင်စမ်း…ငါကြောက်တယ်…"

ကောင်မလေး တစ်ယောက်က အကြောက်အကန် ငြင်းသည်။

"နင်ကြောက်ရင် မစမ်းနဲ့ လေ ငါတို့ ကတော့ စမ်းကြည့်မယ်…"

နောက်ထပ် ကောင်မလေးတစ်ယောက်က ဝင်ပြောသည်။

"ကဲ…ကြောက်တဲ့ သူကို ထားလိုက်…ဒီ၅ယောက်နဲ့ စတာပေ့ါ…"

ဒေါက်တာသီဟ ပြောလိုက်သည်။

"ဟဲ့…နင်တို့ ကလည်း ဟာ ငါတစ်ယောက်တည်း ဖြစ်နေမှာ ပေ့ါ ငါလည်း ပါမယ်"

ဤသို့ဖြင့် ၆ယောက် ဖြစ်သွားပါတော့သည်။

"ကဲ…အားလုံးပဲ တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ထားကြ မျက်စိမှိတ်ထား ဝင်လေထွက်လေ မှန်ပါစေ ဘာမြင်မြင် မလန့်နဲ့ မအော်နဲ့ မျက်စိ လုံးဝမဖွင့်ပါနဲ့ လက်တွဲ မဖြုတ်ပါနဲ့ ကြားပြီလား"

"ဟုတ်…ဆရာ…"

"အဟမ်းအဟမ်း...ဤပတ်ဝန်းကျင်၌ ရှိသော ပရဘုံသားတစ်ယောက်... အသင့်အား အကျွန်ုပ် ဖိတ်ခေါ်ပါ၏။ သက်ဆိုင်ရာနတ်များ ဝင်ခွင့်ပေးရန် မေတ္တာ ရပ်ခံပါသည် ။"

အသံနေ အသံထားဖြင့် ဒေါက်တာသီဟ ပြောလိုက်သည် ။

"ဟင်း...ဟင်း..."

အသက်ရှူသံများ ကျယ်လောင်လာသည် ။

"အဟိ...ခိ"

ကောင်မလေး တစ်ယောက် ရယ်သံထွက်လာသည် ။

"အဟမ်း...ဟမ်း..."

ဒေါက်တာသီဟ ချောင်းဟန့်လိုက်သည် ။

"ခွီး...ဖွီး"

ကောင်လေး တစ်ယောက် ထပ်ထွက် လာပြန်သည် ။

"အဟမ်း...ဟမ်း"

"ဟင်...ဟင်း...ဟင်း"

ကောင်မလေး တစ်ယောက် မျက်စိ အတင်းမှိတ်ထားပြီး ညည်းသံထွက်လာသည် ။

ဒေါက်တာသီဟ သိလိုက်ပြီ တစ်ခုခုတော့ ထူးနေပြီ။ အမှန်တကယ်တော့ ဒေါက်တာသီဟ အပြောင်အပျက် လုပ်နေခြင်းသာ...

သို့သော်...ယခုအခြေနေက...

"အဟမ်း...နောက်တစ်ယောက်ပြီးရင် သွားလိုရာ သွားနိုင်ပါပြီ..."

ဒေါက်တာသီဟ အသံက အမိန့်ပေးနေသည့် စစ်သူကြီးအလား တိကျ ပြတ်သားလှသည် ။

"ဟင်း...ဘာကြီးလဲ...အမေရေ..."

ကြောက်တတ်သောကောင်မလေး အော်ပြီး လက်ကိုဆတ်ခနဲဖြုတ်လိုက်သည် ။

"ဟင့်...ဘုတ်"

အသံရှည်ဆွဲပြီး မေ့လဲ သွားပါတော့သည် ။

"ယမုံ...ယမုံ..."

ဒေါက်တာသီဟ ကောင်မလေးကို လှုပ်နှိုးနေသည် ။ တုတ်တုတ်တောင် မလှုပ်။ ခဏအကြာ...

"ဟင်း...ဟင်း...အေ့..."

ဆတ်ခနဲ ထထိုင်ပြီး အသံရှည်ဆွဲကာ လေချဉ် တက်သံကြီးက ရွံ့မုန်းဖွယ်။

မျက်ထောင့်နီကြီးနှင့် တစ်ယောက်ချင်းစီ လိုက်ကြည့်နေသည် ။

"မင်း...ဘယ်သူလဲ..."

"ဟိုဖက်လမ်းက အောင်ကြီး..."

"ဘာလို့ ကလေးမ ကိုယ်ထဲ ဝင်နေတာလဲ"

"မင်းခေါ်လို့ ...ငါလာတာ...သူက ဝင်ရလွယ်တယ် အခြားသူတွေထဲ ဝင်ဖို့ မလွယ်ဘူး။ အတားအဆီး တစ်ခုခုခံနေတယ်... ငါကြိုးစားပြီးပြီ... ဒီတစ်ယောက်က နောက်ဆုံးပဲဆိုလို့ ငါ့သရုပ်အမှန်ကို ပြလိုက်တာ တန်းခနဲ ဝင်လို့ ရတာပဲ"

"မင်းဘာလိုချင်လို့ လဲ...ကလေးမကို အန္တရာယ်မပေးပါနဲ့ "

"ငါလိုတာရရင် မပေးပါဘူး...သူ့ခမျာ သနားပါတယ် အော်ဟစ် ငိုယိုနေရှာတယ်"

"ကဲပြော...ဘာလုပ် ပေးရမလဲ"

"အမဲသား ၃ပိဿာ အရက်၁ပုလင်း"

"ဘာ...မဖြစ်နိုင်ဘူး မပေးနိုင်ဘူး..."

"မပေးနိုင်ဘူး...အဲဒါဆို ငါ့အဆိုးမဆိုနဲ့ "

"ပြောမရရင်တော့ အကြောင်းပြရတာပေါ့ကွာ..."

ဒေါက်တာသီဟ ပြောပြီး နောက်အိတ်ထဲ၌ သွားလေရာ အမြဲဆောင်ထားသော သိမ်ဝင်ပုတီးအား ထုတ်ပြီး လှမ်းစွပ်လိုက်သည် ။ သို့သော်...

"ဝုန်း...ဒုန်း..."

ခုံကို ဆောင့်ကန် လိုက်သောကြောင့် ဟန်ချက်ပျက်သွားသည် ။

"မင်းသေဖို့ ပြင်တော့...."

ဝင်ပူးနေသော အောင်ကြီးဆိုသူက စာသင်ခန်း ထောင့်တွင် ထောင်ထားသော မြက်ရှင်းသည့် ဓားဆွဲကာ လိုက်ပါတော့သည် ။

"လုပ်ကြပါဦး..လာကြပါဦး...ယမုံ ဆရာ့ကို ဓားနဲ့ လိုက်ခုတ်နေပြီ"

ကလေးများ အော်သံကြားတော့မှ လူများ ထွက်လာကြသည် ။

"ဟဲ့...ဟဲ့...လုပ်ကြပါဦး တားကြပါဦး"

ယမုံ့အမေ မျက်လုံးပြူးချေပြီ...

"တစ်ယောက်မှ မလာနဲ့ နော် အကုန်ကာလနာ တိုက်ကုန်မယ် အောင်ကြီးကို လာမစမ်းနဲ့ မသာတန်း ဖြစ်သွားမယ်"

ပြောလည်း ပြော ဒေါက်တာသီဟအား ဓားဖြင့် လိုက်ခုတ်နေသည် ။

ဒေါက်တာသီဟ ရှောင်ရင်းရှောင်ရင်း ခြံပြင်ရောက်သွားသည် ။ အခွင့်အရေး ရတုန်း ပြေးပါလေတော့သည် ။

"မပြေးနဲ့ ဆရာစုတ်...ခေါ်တုန်းကခေါ်ပြီး ဘာမှ မကျွေးတဲ့ အပြင် ငါ့ကို မောင်းထုတ်သေးတယ်"

ပြောရင်း ပြေးလိုက်သွားသည် ။

ဒေါက်တာသီဟ ပြေးရင်းပြေးရင်း ဟိုဘက် လမ်းထဲ ရောက်သွားသည် ။

"ဘုတ်...အင့်"

ပြေးရင်းပြေးရင်း လမ်းထဲ ဆော့နေသော ကလေးတစ်ယောက်အား တိုက်မိသွားသည် ။

"ဟာ...သားလေး...ဘာဖြစ်သွားသေးလဲ နာသွားလား"

နောက်မှ ပြေးလိုက်လာသော ယမုံ တစ်ဖြစ်လည်း အောင်ကြီး ကလေးကိုထူရင်း ပြောလိုက်သည် ။

"ဖေကြီးလားဟင်...ဖေကြီး..."

"ဟုတ်ပါတယ် သားရယ်..ဖေကြီးပါ"

"ဟင်...ဖေကြီးက ဘာလို့ မမယမုံဖြစ်နေတာလဲ"

"ဖေကြီးသေသွားလို့ မမယမုံခန္ဓာကို ခဏငှားပြီး ပြန်လာတာ"

"မေကြီးပြောတော့ ဖေကြီး သေတ္တာထဲမှာ အိပ်နေတာဆို...သေတ္တာကြီး ပျောက်သွားတာ သူခိုး ခိုးသွားလို့ ဆို"

"ဟဲ့...သား...ဘာလုပ်နေတာလဲ...ထမင်းစားမယ် လာခဲ့တော့"

"မေကြီး...ဒီမှာ ဖေကြီး ရောက်နေတယ်"

"ဟဲ့ လာတွေပြောနေတာလဲ...ပေါက်ကရတွေ..."

အိမ်ထဲမှ မိန်းမ တစ်ယောက် ထွက်လာသည် ။

ဒေါက်တာသီဟ ပြေးဖို့ မေ့နေပြီးကြောင်ကြည့်နေသည် ။

"တောက်စ် ဆရာစုတ် မင်းနဲ့ စာရင်းရှင်းရဦးမယ်"

ပြောရင်း ပြေး လာပြီးဓားဖြင့် ခုတ်ရန်ပြေးလာသည် ။

"ဖေကြီး မလုပ်နဲ့ ...သားကိုချစ်ရင် မလုပ်ပါနဲ့ နော်"

"ဟယ်...ယမုံ ဓားကြီးနဲ့ ဘာလုပ်တာလဲ"

"မိန်းမ ယောကျ်ားလေ...ကိုအောင်ကြီးလေ"

"ဘုရား ဘုရား ဘယ်လိုဖြစ်ကုန်တာလဲ"

"ငါပါကွာ...မင်းတို့ ငါ့အတွက် ရက်လည် လုပ်တော့ ငါအမျှမရခဲ့ဘူး. ..မရခဲ့တာကလည်း ငါ့အမျိုးတွေကို ငါသွားနှုတ်ဆက်တာ ဟိုက ပြန်လာတော့ လမ်းမှာ ဒုက္ခရောက်ခဲ့တာ ရေဆာလို့ ရေသောက်မယ် လုပ်တော့ ရေမရ စားဖို့ အစာတွေ့တော့လည်း စားလို့ မရ။ ငါ့က အကုသိုလ်တွေက တော်တော်များ ခဲ့တာ... နောက်ဆုံးမှ ငါပြုခဲ့ဖူးတဲ့ ကုသိုလ်တစ်ခုကို အမှတ်ရမိတော့မှ အစာနဲ့ ရေနည်းနည်း ရတော့တယ်။ အခုငါယမုံတို့ အိမ်မျက်စောင်းထိုးက မှို့ပင်မှာ နေတယ်။ ငါ့အတွက် အမဲသား၃ပိဿာနဲ့ အရက်လေး တစ်လုံးလောက် လုပ်ပေးပါကွာ။ ပြီးရင်အမျှတန်း

ဝေပေးပါကွာ "

"အဖြစ်ဆိုးလိုက်တာ ကိုအောင်ကြီးရယ်

ကျွန်မလုပ်ပေးပါ့မယ် အခုဓားကြီးကို ချလိုက်ပါနော်။ ယမုံလေးကို လွှတ်ပေးလိုက်ပါနော်"

"အေးပါ...ကျေးဇူးတင်ပါတယ် သားရေ ဖေကြီးသွားပြီနော်။ လိမ္မာအောင်နေ ဖေကြီး ဆိုးသလိုမဆိုးနဲ့ "

"ဖေကြီး ဖေကြီး ဘယ်တော့ပြန်လာမှာ လဲ။ သားတို့ နဲ့ ဘယ်တော့ တူတူလာနေမှာ လဲ"

"သံသရာ တစ်ကွေ့မှာ ပြန်ဆုံကြတာပေါ့ သားရယ်"

"ဘုတ်...အင့်"

ယမုံအရုပ်ကြိုးပြတ် လဲကျသွားပါတော့သည် ။

ထိုအချိန်မှ စ၍ ဒေါက်တာသီဟ တစ်ယောက် ထိုရပ်ကွက်၌ စာလုံး ဝ မသင်ရတော့ သူလည်း တော်တော် လန့်သွားပါတော့သည် ။

သို့သော် ကံကြမ္မာဆိုသည် ကား အတော်ဆန်းကြယ် လွန်းသည် ။ ဒေါက်တာသီဟ ထက်နေယံတို့ ရွာသို့ ရောက်လာသော အခါတွင် တော့ .......

***